myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

July 24, 2019 Volume 21, Number 16

**၂၄.၇.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၂၀ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၄၇၅၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၃/ကျပ် |
| CBM Rate | = ၁၅၁၃.၅/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၈၅.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၀၉.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၈၆.၄ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၀၀.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၅၆.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၀.၁၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၃၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၈.၄၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၇.၄၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၉၈၉ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ် ပထမခြောက်လပတ်အတွင်း မြန်မာနိုင်ငံ၏ ပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) တိုးတက်မှုနှုန်း ၆ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ပြီး ယခင်နှစ်ကာလတူထက် တိုးတက် ခဲ့ကြောင်း ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီအစီရင်ခံစာတွင်ဖော်ပြ

၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ် ပထမခြောက်လပတ်အတွင်း မြန်မာနိုင်ငံ၏ ပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး (GDP) တိုးတက်မှုနှုန်း ၆ ဒသမ ၃ ရာခိုင်နှုန်း ရှိခဲ့ပြီး ယခင်နှစ်ကာလတူထက် တိုးတက်ခဲ့ကြောင်း ပြည်ထောင်စု လွှတ်တော် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းပထမ ခြောက်လပတ် အစီရင်ခံစာနှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာအမှတ်စဉ်(၉/၂၀၁၉)တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးညွှန်းကိန်းများအခြေအနေကို ဘဏ္ဍာနှစ်အလိုက် လေ့လာ ကြည့်ပါက ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ် ပထမခြောက်လပတ်အတွင်း စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)သည် ၅ ဒသမ ၉ ရာခိုင်နှုန်း၊ ၂၀၁၇– ၂၀၁၈ ဘဏ္ဍာနှစ် ပထမခြောက်လပတ်တွင် စုစုပေါင်း ပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) သည် ၆ ဒသမ ၂ ရာခိုင်နှုန်းနှင့် ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ် ပထမခြောက်လပတ်အတွင်း စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)မှာ ၆ ဒသမ ၃ ရာခိုင်နှုန်းအထိ မြင့်တက်လာကြောင်း ဖော်ပြထားသည်။ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်ပထမခြောက်လပတ်အတွင်း ကဏ္ဍကြီး များအလိုက် တိုးတက်မှုနှုန်းအနေဖြင့် လယ်ယာကဏ္ဍမှ ၃ ဒသမ ၁ ရာခိုင်နှုန်း၊ စက်မှု ကဏ္ဍမှ ၆ ဒသမ ၄ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍမှ ၈ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း ဖော်ပြထားသည်။

GDP တွင် ကဏ္ဍကြီးများအလိုက်ပါ ဝင်မှုအချိုး (နှစ်အလိုက်ဈေးနှုန်း)မှာ လယ်ယာကဏ္ဍတွင် ၂၂ ဒသမ ၇ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍတွင် ၃၈ ဒသမ ၁ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍတွင် ၃၉ ဒသမ ၂ ရာခိုင်နှုန်း ပါဝင်ကြောင်း သိရသည်။

၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၀၆၀၉၆၃၃၅ ဒသမ ၈ သန်း နှင့် ၇ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ရာ ပထမ ခြောက်လပတ် (အောက်တိုဘာမှမတ်လ)တွင် ကျပ် ၆၇၁၈၆၇၄၈ သန်းရရှိခဲ့သဖြင့် စီမံကိန်း ရည်မှန်းချက် အပေါ် ၆၃ ဒသမ ၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းအရ ၆ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်းလည်း ဖော်ပြထားသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ၂၀၁၉ ခုနှစ်တွင် ၆ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၂၀၂၀ ပြည့်နှစ်တွင် ၆ ဒသမ ၆ ရာခိုင်နှုန်းသို့ အနည်းငယ်စီ တိုးတက်မည်ဟု ကမ္ဘာ့ဘဏ်က ၂၀၁၉ ခုနှစ် ဧပြီလအတွက် ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) သည် ၆ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် ၆ ဒသမ၂ ရာခိုင်နှုန်းသို့

ကျဆင်းခဲ့ကြောင်း ကမ္ဘာ့ဘဏ်က ထုတ်ပြန်သည်။ ကမ္ဘာ့စီးပွားရေးအဟန့် အတားများနှင့် တရုတ်နိုင်ငံ၏ မူဝါဒဖြင့် ထိန်းကျောင်းထားသည့် စီးပွားရေးအရှိန်လျော့ချမှုများ ဆက်လက်ဖြစ်ပေါ်နေသည့် အခြေအနေများကြောင့် ဖွံ့ဖြိုးဆဲအရှေ့အာရှနှင့် ပစိဖိတ်ဒေသ၏ စီးပွားရေး တိုးတက်မှုနှုန်းသည် အနည်းငယ်ခန့် လျော့နည်း ကျဆင်းနိုင်ကြောင်း ဧပြီ ၂၄ ရက်က ရန်ကုန်မြို့ရှိ ကမ္ဘာ့ဘဏ်ရုံး၌ ပြုလုပ်သည့်သတင်းစာ ရှင်းလင်းပွဲမှ သိရသည်။ ၂၀၁၈ ခုနှစ်အတွင်းရှိ ၆ ဒသမ ၃ ရာ ခိုင်နှုန်းနှင့် နှိုင်းယှဉ်ပါက ၂၀၁၉ နှင့် ၂၀၂၀ ခုနှစ်များတွင် ခြောက်ရာခိုင်နှုန်းခန့်သာရှိမည်ဟု ခန့်မှန်းထားသည်။



မြန်မာနိုင်ငံတွင် တိုးချဲ့လုပ်ဆောင်သည့် ငွေကြေးမူဝါဒ (Expansionary Fiscal Policy) သည် ကာလတိုအားဖြင့် ဖွံ့ဖြိုးမှု အရှိန်အဟုန်ကို မြှင့်တင်နိုင်မည်ဖြစ်သလို မကြာသေးမီကာလအတွင်း ဆောင်ရွက်ခဲ့သည့် ဖွဲ့စည်းပုံဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများသည်လည်း ကာလလယ်အားဖြင့် ဖွံ့ဖြိုးမှုအပေါ် အထောက်အပံ့ဖြစ်စေမည်ဟု ကမ္ဘာ့ဘဏ်က ခန့်မှန်းထား သည်။ The Asian Development Outlook (ADO) 2019 ခန့်မှန်းချက်များအရ ၂၀၁၉ ခုနှစ် စက်တင်ဘာတွင်ကုန်ဆုံးမည့် ဘဏ္ဍာနှစ်အတွင်း မြန်မာ့စီးပွားရေးသည် ၆ ဒသမ ၆ ရာခိုင်နှုန်းသို့ တိုးတက်လာမည်ဖြစ်ကြောင်း၊ ၂၀၂၀ ခုနှစ်တွင် ၆ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားသည်။ နှိုင်းယှဉ်ချက်များအရ မြန်မာနိုင်ငံ၏ GDP သည် ယခင်နှစ် ဧပြီမှ စက်တင်ဘာအထိ ကာလအတွင်း ၆ ဒသမ ၂ ရာခိုင်နှုန်းအထိ နှေးကွေးခဲ့ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/124287

## အီးယူ-ကနေဒါ ထိပ်သီးအစည်းအဝေးကျင်းပ

အီးယူ-ကနေဒါ ထိပ်သီးအစည်းအဝေးကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၇-၁၈ ရက်နေ့များတွင် ကနေဒါနိုင်ငံ၊ မွန်ထရီရယ်မြို့၌ ကျင်းပပြုလုပ်ခဲ့ပြီး နှစ်ဘက်ခေါင်းဆောင်များသည် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် အီးယူ-ကနေဒါ ဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်ရန် သဘောတူခဲ့ကြကြောင်း ဥရောပ ကော်မရှင်က ၁၈.၇.၂၀၁၉ နေ့တွင် သတင်းထုတ်ပြန်ထားပါသည်။ အီးယူနှင့်ကနေဒါတို့သည် နိုင်ငံစုံ ကုန်သွယ်မှုစနစ်နှင့် စည်းမျဉ်းအခြေခံသည့် ကုန်သွယ်မှုတို့အပေါ် ၎င်းတို့၏ ပူးတွဲထောက်ခံမှုကို အခိုင်အမာပြောဆိုခဲ့ကြပြီး၊ ပါရီ သဘောတူညီချက်နှင့် ပတ်သက်၍လည်း ၎င်းတို့အနေဖြင့် အပြည့်အဝကတိကဝတ်ပြုထားမှုကို အလေးထား ပြောဆိုခဲ့ ကြကာ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးအတွက် ပိုမိုကြိုးပမ်းဆောင်ရွက်သွားကြရန်ကိုလည်း တောင်းဆိုခဲ့ကြကြောင်း၊ ထိပ်သီးဆွေးနွေးပွဲအပြီးတွင် အီးယူနှင့်ကနေဒါတို့အကြား ပူးတွဲထုတ်ပြန်ချက်တစ်ရပ်ကို ဥရောပကောင်စီဥက္ကဌ Donald Tusk နှင့် ကနေဒါဝန်ကြီးချုပ် Justin Trudeau တို့က အတည်ပြုထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါထိပ်သီးအစည်းအဝေးတွင် အီးယူနှင့်ကနေဒါတို့အကြား လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက် တစ်ရပ်ဖြစ်သည့် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလက စတင်အသက်ဝင်ခဲ့သော Comprehensive Economic and Trade Agreement–CETA ကို အပြည့်အဝ အကောင်အထည်ဖော်ရေး အလေးထားဆွေးနွေးခဲ့ကြကြောင်း၊အီးယူ–ကနေဒါ အကြား ဘက်စုံ လွှမ်းခြုံမှုရှိသော စီးပွားရေးနှင့်ကုန်သွယ်မှုသဘောတူညီချက် (CETA) မှတစ်ဆင့် နှစ်ဘက်စလုံးမှ စီးပွားရေး လုပ်ငန်းများနှင့်ပြည်သူများ ပိုမိုအကျိုးဖြစ်ထွန်းစေရေး ကြိုးပမ်းဆောင်ရွက်သွား ကြမည်ဖြစ်ကြောင်း၊ နှစ်ဘက်ခေါင်းဆောင် များ အနေဖြင့် စည်းမျဉ်းအခြေခံသော နိုင်ငံစုံကုန်သွယ်မှုစနစ်အား အကာအကွယ်ပေးရေး၊ နိုင်ငံစုံကုန်သွယ်မှုစနစ်တွင် ရင်ဆိုင်နေရသောစိန်ခေါ်မှုများအား ဖြေရှင်းနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်းသိရှိရပါသည်။ ထိပ်သီးအစည်း အဝေးတွင် နှစ်ဘက်ခေါင်းဆောင် များသည် ပါရီသဘောတူညီချက်အပေါ် ၎င်းတို့၏ ခိုင်မာသော ကတိကဝတ်များအား အတည်ပြုပြောဆိုခဲ့ကြပြီး၊ ၎င်းသဘောတူညီချက်အား အပြည့်အဝအကောင်အထည်ဖော်ရေး ဆွေးနွေးခဲ့ကြပါသည်။ နှစ်ဘက်ခေါင်းဆောင်များသည် ပါရီသဘောတူညီချက်၏ ရည်ရွယ်ချက်များအားပြည့်မီရေး အလေးထားဆောင်ရွက်ကြရန် နိုင်ငံများအား တောင်းဆို ခဲ့ကြပြီး၊ ၂၀၂၀ ပြည့်နှစ်၊ ကာလရှည် ဖန်လုံအိမ်ဓါတ်ငွေ့လျှော့ချမည့် မဟာဗျူဟာမှတစ်ဆင့် ဦးဆောင်အခန်းကဏ္ဍမှ ပါဝင် ဆောင်ရွက်သွားရန် ဆုံးဖြတ်ထားမှု အခြေအနေများကိုဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် အီးယူနှင့်ကနေဒါတို့သည် ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများ လျော့ပါးသက်သာစေရေး၊ ကမ္ဘာ့ဇီဝမျိုးစုံ မျိုးကွဲများ၊ အာတိတ်ဒေသနှင့်သမုဒ္ဒရာများအား ထိန်းသိမ်းကာကွယ်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး၊ အီးယူနှင့် ကနေဒါတို့အကြား စဉ်ဆက်မပြတ်ဖြစ်သော သမုဒ္ဒရာအသုံးပြုမှုနှင့် ထိန်းသိမ်းမှုတိုးမြှင့်ရန်အတွက် သမုဒ္ဒရာမိတ်ဖက် ပူးပေါင်းမှုတစ်ရပ် (Ocean Partnership) ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရှိရပါသည်။ ဆက်လက်၍ အီးယူနှင့်ကနေဒါတို့သည် Artificial Intelligence အပါအဝင် သိပ္ပံ၊ နည်းပညာနှင့်တီထွင်ဆန်းသစ်မှုနယ်ပယ်များတွင်

ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး နှစ်ဘက်ကတိကဝတ်ပြုမှုကို ထပ်လောင်းပြောကြားခဲ့ကြပါသည်။ နှစ်ဘက်ခေါင်းဆောင်များအနေဖြင့် ဒီမိုကရေစီ၊ လူ့အခွင့်အရေးလေးစား လိုက်နာမှုတို့ကို အားပေးထောက်ခံလျက် နည်းပညာဆိုင်ရာအပြောင်းအလဲကို တုန့်ပြန်နိုင်ရေး၊ ဖန်တီးတီထွင်မှုရှိသော ဒစ်ဂျစ်တယ်စီးပွားရေးမှ နိုင်ငံသားများနှင့်စီးပွားရေး လုပ်ငန်းများအတွက် အကျိုးကျေးဇူးရရှိစေရေးကိစ္စရပ်များအပြင် ကျား/မတန်းတူညီမျှမှုနှင့် အားလုံးပါဝင်နိုင်မှုရှိသော ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေး ကိစ္စရပ်များအပေါ် အထောက်အကူပေးနိုင်မည့် နည်းလမ်းများနှင့်ပတ်သက်၍လည်း ဆွေးနွေးခဲ့ကြကြောင်း အဆိုပါသတင်းက ဖော်ပြထားပါသည်။

**Source:** www.consilium.europa.eu

**စီးပွားရေးသံမှူး-ဘရပ်ဆဲလ်**

## မြိတ်တွင် ပလတ်စတစ်ရေသန့်ဘူးများဖြင့် တံမြက်စည်းပြုလုပ်ဖန်တီး



စွန့်ပစ်ပစ္စည်းတစ်မျိုးဖြစ်သည့် ပလတ်စတစ်ရေသန့်ဘူးများကို သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရန်ရည်ရွယ်ပြီး ပြန်လည်အသုံးချနိုင်သော တံမြက်စည်းချောင်းများကို မြိတ်မြို့ ၌ပြုလုပ်ဖန်တီးနေကြောင်း သိရသည်။

အဆိုပါ ပလတ်စတစ်ရေသန့်ဘူးများကို ဖန်တီးပြုလုပ်နေသူမှာ မြိတ်မြို့ရှိ ပလောက်စုရပ်ကွက်နေ ဦးသန်းဇော်ဦးဆိုသူဖြစ်ပြီး ၎င်းသည် ယခင်ကကွမ်းသီးဖတ်ဖြင့် ပန်းကန်ပြား၊ ပန်းကန်လုံးနှင့် ခွက်မျိုးစုံတို့ကို ဟန်းမိတ်ပစ္စည်းများဖြင့် တီထွင်ဖန်တီးခဲ့ သူလည်းဖြစ်သည်။ ဒီရေသန့်ဘူးနဲ့ တံမြက်စည်းလုပ်ဖြစ်တာက ကျွန်တော့်အိမ်မှာ စားသောက်ဆိုင်ဖွင့်ထားတော့ နေ့စဉ်နီးပါး ဒီရေသန့်ဘူးတွေ ထွက်ရှိနေပါတယ်။ ဝယ်မယ့်သူကလည်းမရှိ စွန့်ပစ်ဖို့လည်း အခက်အခဲဖြစ်နေတော့ ကျွန်တော်အမျိုးမျိုးစဉ်းစားမိတယ်။ နောက်ဆုံးစိတ်ကူးရတာက မြို့ထဲမှာအများဆုံးသုံးဖြစ်နေတဲ့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တံမြက်စည်းတွေပဲဖြစ်တယ်။ သူတို့မှာ အုန်းလက်နဲ့လုပ်ထားတဲ့ တံမြက်စည်းတစ်ချောင်းကို ရက် ၂၀ နီးပါး တစ်လလောက်ပဲ အသုံးခံပါတယ်။ ဒါကို တာရှည်အသုံးခံနိုင်အောင် စိတ်ကူးရရှိတာနဲ့ ရေသန့်ဘူးကို တံမြက်စည်းအဖြစ် ဖန်တီးစိတ်ကူးရခဲ့တယ်ဟု တီထွင်ဖန်တီးသူ ဦးသန်းဇော်ဦးက ပြောဆိုသည်။ တံမြက်စည်းတစ်ချောင်းပြုလုပ်ရာတွင် ရေသန့်ဘူး ၂၅ ဘူး၊ သံနှစ်ချောင်းနှင့် သစ်သားတုတ်တစ်ချောင်းတို့ကို ပြုလုပ်ဖန်တီးထားကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/125995.html

## မုံရွာတွင် မိုးနည်းနေ၍ လျှော်ဖြူစိုက်ခင်းအချို့ ရေသွင်းစိုက်ပျိုးနေရ

မုံရွာခရိုင်အတွင်း မိုးရွာသွန်းမှုနည်းသဖြင့် လျှော်ဖြူစိုက်ခင်းအချို့ ရေသွင်းစိုက်ပျိုးနေရကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လျှော်ဖြူစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးဇော်မင်းကပြောသည်။ ယခုနှစ် ဇူလိုင်အတွင်း



မိုးရွာသွန်းမှုနည်းပါးပြီး အပူချိန်မြင့်မားသဖြင့် ကုန်းမြင့်ပိုင်းဒေသများတွင် အများဆုံးစိုက်ပျိုးသည့် လျှော်ဖြူစိုက်ခင်းများ၌ ရေသွင်းစိုက်ပျိုးသူ များပြားလာကြောင်း ၎င်းကဆိုသည်။ လျှော်ဖြူအစေးက အထွက်မကောင်းဘူး။ မိုးခေါင်တော့ အထွက်နည်းတယ်။ ပုံမှန်ဈေးကွက်ကတော့ ငြိမ်နေတာ ထိပ်စတစ် ပိဿာသုံးသောင်းခွဲ အရောင်းအဝယ်ဖြစ်တယ်။ ရေသွင်းနိုင်တဲ့သူကလွဲရင် ကျန်တဲ့ သူတွေ လျှော်ဖြူအထွက်မကောင်းဘူး။ မိုးကခေါင်တော့ ရေသွင်းနေရပြီ။ ဒီအပင်က ရေမြေရာသီဥတု၊ အပင်ပြုစုမှု အပေါ်မူတည်ပြီး အစေးထွက်တာဆိုတော့ စိုက်ခင်းတစ်ခုနဲ့တစ်ခု အထွက်နှုန်း ကတော့မတူဘူး။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ တစ်ရက်ကို ငါးတန်ကနေ ၁၀ တန်အထိ အစေးထုတ်တယ်လို့သိရတယ်။ ဒီရက်ပိုင်းရာသီဥတုကြောင့် ငါးတန်တောင်မထွက်တော့ဘူးလို့သိရတယ်ဟု ဦးဇော်မင်းကပြောသည်။

ပြီးခဲ့သည့် ဧပြီနှင့်မေလတွင် အပူချိန်မြင့်တက်ခြင်းကြောင့် လျှော်ဖြူအစေး ထုတ်လုပ်မှုမရှိသည့်အချိန်၌ တစ်ပိဿာ

လျှင် ကျပ်ခြောက်သောင်းခန့်အထိ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဇွန်လအတွင်း လျှော်ဖြူအစေး ထုတ်လုပ်ချိန်ကစ၍ တစ်ပိဿာ ကျပ်သုံးသောင်းခွဲသာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဦးဇော်မင်းကပြောကြားသည်။ ဒီရာသီကြောင့် လျှော်ဖြူ အထွက်က လျော့တာပေါ့။ မိုးနည်းတော့ လျှော်ဖြူခင်းရေသွင်းရတာပေါ့။ ရေမသွင်းရင် မြေအစိုဓာတ်နည်းတော့ အပင်က အစေးအထွက်နည်းတာပေါ့။ ရေသွင်းစိုက်ရင်တော့ နည်းနည်းပဲ အထွက်လျော့တာပေါ့ဟု မုံရွာခရိုင် ဘုတလင်မြို့နယ်နေ လျှော်ဖြူစိုက်တောင်သူ ကိုကြဲတိုင်းအောင်ကပြောသည်။ ဘုတလင်မြို့နယ်၌ ယခုနှစ်မိုးဦးရာသီတွင် မိုးရွာသွန်းမှု နည်းပါးသော်လည်း အခြားကောက်ပဲသီးနှံ ဈေးကွက်မတည်ငြိမ်ခြင်းကြောင့် လျှော်ဖြူပျိုးပင်စိုက်ပျိုးမှု ပိုမိုများပြား လာကြောင်း ကိုကြဲတိုင်းအောင်က ပြောသည်။

**Source:** http://www.7daydaily.com/story/161832

## မူဆယ်နယ်စပ်တွင် ကျန်ရှိသည့်ဆန်အိတ်များ တရုတ်သို့ ဩဂုတ်လအတွင်းအပြီးတင်ပို့မည်



မူဆယ်နယ်စပ်တွင် ပိတ်မိနေသည့်ဆန်အိတ်များကို ဩဂုတ်လအတွင်း တရုတ်နိုင်ငံသို့ အပြီးတင်ပို့မည်ဖြစ်ကြောင်း ဇူလိုင် ၂၂ ရက်က မူဆယ် ကုန်စည်ဒိုင်မှသိရသည်။ တရုတ်နိုင်ငံအစိုးရက တရုတ်ကုန်သည်များကို ပါမစ် ထုတ်ပေးခဲ့သည့် အတွက် ဇွန်လမှစတင်ကာ ပိတ်မိနေသည့်ဆန်အိတ်များ တရုတ်နိုင်ငံသို့ ပြန်လည်တင်ပို့နေပြီး လက်ရှိတွင် အများဆုံးဆန်အိတ်ရေ သုံးသိန်းခန့်သာကျန်ရှိတော့ကြောင်းသိရသည်။ အဲဒီပါမစ်နဲ့ တစ်ပတ်မှာ ငါးရက် ထွက်လို့ရတယ်။ တနင်္လာနေ့ကနေ သောကြာနေ့အထိ ထွက်တယ်။ အခု လက်ရှိမှာ လက်ကျန်တော်တော် နည်းသွားပါပြီ။ အများဆုံးရှိရင် အိတ်ရေ သုံးသိန်း၊ တန်ချိန်တစ်သောင်းခွဲလောက်ပဲရှိတော့တယ်။ ဆန်ကုန်တဲ့အထိ တင်ပို့လို့ရတယ်ဟု မူဆယ်ကုန်စည်ဒိုင် ဒုတိယ ဥက္ကဋ္ဌဦးမင်းသိန်းကပြောဆိုသည်။

တရုတ်နိုင်ငံက မှောင်ခိုပစ္စည်းတိုက်ဖျက်ရေးစီမံချက်နှင့် လုပ်ဆောင်နေသည့်အတွက် အဖမ်း အဆီးများခြင်းကြောင့် ကုန်သည်များအရောင်းအဝယ်ပြုလုပ်၍မရသဖြင့် မူဆယ်နယ်စပ်တွင် ဆန်အိတ်ရေ ၁၀ သိန်းအပါအဝင် သကြားနှင့်ပြောင်း များလည်း သောင်တင်နေခဲ့ခြင်းဖြစ်သည်။ ယခုအခါ တရုတ်ကုန်သည်များ တရုတ်အစိုးရ၏ ပါမစ်ရရှိပြီဖြစ်သောကြောင့် မူဆယ်နယ်စပ်တွင် ယခင်ပိတ်မိနေသည့် ဆန်တန်ချိန်ငါးသောင်း၊ အိတ်ရေ ၁၀ သိန်းခန့်မှာ ဇွန်လမှစတင်၍ တရုတ်သို့ ထွက်ရှိနေပြီဖြစ်ပြီး လက်ရှိတွင် မူဆယ်နယ်စပ်မှ တရုတ်ပြည်သို့ တစ်ပတ်လျှင် အနည်းဆုံးဆန်အိတ်ရေ နှစ်သိန်းခန့် ထွက်ရှိနေကြောင်းသိရသည်။

လက်ရှိဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ဆန်တင်ပို့မှုမှာ ယခင်နှစ်ကာလတူထက် တန်ချိန် အမြောက်အမြား လျော့ကျနေသည့် အပြင် ပြည်တွင်းစပါးဈေးမှာလည်း အခြေခံဈေးနှုန်း အောက်ကျဆင်းနေသည့်အတွက် အစိုးရနှင့်ဆန်လုပ်ငန်းရှင်များ ပူးပေါင်းကာ ဈေးကွက်ရှာဖွေခြင်းနှင့် ဆန်စက်အရည်အသွေးများ တိုးတက် လာစေရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**Source:** https://myanmar.mmtimes.com/news/125989.html

## လာမယ့် ဘဏ္ဍာနှစ်ကစပြီး အရေးပေါ်ရန်ပုံငွေ ခွဲဝေသုံးစွဲမှုပုံစံပြောင်းလဲမည်

လာမယ့်ဘဏ္ဍာနှစ် ၂၀၁၉-၂၀၂၀ ကစပြီး အရေးပေါ်ရန်ပုံငွေကို ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနတွေနဲ့ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ ခွဲဝေလျာထားပေးထားတယ်လို့ ပြည်ထောင်စု၏ အရအသုံးဆိုင်ရာ ဥပဒေကြမ်းမှာ ဖော်ပြထားပါတယ်။ အရင်နှစ်တွေက အရေးပေါ်ရန်ပုံငွေကို နိုင်ငံတော်ကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန က ကျပ် ၁၀၀ ဘီလျံလျာထားခဲ့ပါတယ်။



လာမယ့်ဘဏ္ဍာနှစ်မှာတော့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ကျပ် ၅၀ ဘီလျံ၊ ပြည်ထောင်စုအဆင့်ဗဟိုအဖွဲ့အစည်းများနဲ့ ပြည်ထောင်စု ဝန်ကြီးဌာနတွေမှာ ကျပ် ၃၆ ဘီလျံနဲ့ တိုင်းဒေသကြီး/ပြည်နယ်တွေမှာ ကျပ် ၁၄ ဘီလျံ ခွဲဝေလျာထားတယ်လို့သိရပါတယ်။ ဗဟိုအစိုးရကနေ တိုင်းဒေသကြီးတွေ ကို ခွဲဝေပေးတဲ့ အခွန်ဝေစုနဲ့ ပတ်သက်ပြီး နိုင်ငံပိုင်ကဏ္ဍက ကောက်ခံရရှိတဲ့ အခွန်အရပ်ရပ်ကနေ နှစ်လတ်ဘဏ္ဍာရေးမူဘောင် အရ ညွှန်ကိန်းတွေနဲ့ တွက်ချက် ခွဲဝေပေးထားတယ်လို့လည်း စီမံ/ဘဏ္ဍာ ဒုဝန်ကြီးဦးမောင်မောင်ဝင်းက လွှတ်တော်မှာ ရှင်းလင်းတင်ပြထားပါတယ်။

ဒ့ါအပြင် ပုဂ္ဂလိကကဏ္ဍနဲ့သမဝါယမကဏ္ဍမှ တင်သွင်းတဲ့ သွင်းကုန်တွေအပေါ် ကောက်ခံရရှိငွေမပါဝင်ဘဲ ကုန်သွယ်လုပ်ငန်းခွန်ရဲ့ ၁၅ ရာခိုင်နှုန်း၊ အထူးကုန်စည်ခွန်ရဲ့ ၁၅ ရာခိုင်နှုန်း၊ တစ်ဦးချင်းဝင်ငွေရဲ့ ငါးရာခိုင်နှုန်းနဲ့ တံဆိပ်ခေါင်းခွန်ရဲ့ နှစ်ရာခိုင်နှုန်းတို့ကို တိုင်းဒေသကြီး/ ပြည်နယ် အလိုက် ကောက်ခံရရှိမှုအပေါ်မူတည်ပြီး ခွဲဝေပေးထားတယ်လို့လည်းသိရပါတယ်။ စုစုပေါင်းခွဲဝေပေးတဲ့ အခွန်ဝေစု ပမာဏမှာ ကျပ် ၃၀၀ ဘီလျံကျော်ရှိပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေး ရန်ပုံငွေလျာထားမှုကတော့ ကျပ် ၃၀ ဘီလျံခန့်ဖြစ်တယ်လို့ သိရပါတယ်။

**Source:** https://www.kumudranews.com/news-34472?fbclid=IwAR3X0LCNo4fdbvqn13D1wdSrc5D-8zJaiYmXC5nnsAnjK5QbrcP6xDPItos

.

## ကဏန်းပျော့လုပ်ငန်းတွေအတွက် ကုန်ကြမ်းရှားလာ



၁၀၀ ဂရမ်အောက်ကဏန်းများ ပြည်ပသို့တင်ပို့နေမှုများကြောင့် ပြည်တွင်း၌ကုန်ကြမ်းများ ရှားပါးလာကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ထံက သိရပါတယ်။ အခုနောက်ပိုင်းမှာ ကဏန်းပျော့လုပ်ငန်းတွေအတွက် ကုန်ရှားလာတယ်။ အခွံမာကဏန်းတွေ ပြည်ပကိုတင်ပို့တဲ့အခါမှာ ၁၀၀ ဂရမ်အရွယ်အစားရှိတဲ့ ကဏန်းတွေကိုပါ ပြည်ပတင်ပို့တာတွေ လုပ်ကိုင်လာကြတော့ ကုန်ရှားလာတယ်။ ငါးဦးစီးအနေနဲ့အရင်တုန်းကတော့ ၁၀၀ ဂရမ်အောက်ဆိုရင်မဖမ်းရဘူး၊ မရောင်းရဘူး၊ ပြည်ပမတင်ပို့ရဘူးဆိုပြီး သတ်မှတ်ထားပေမယ့် ၂၀၁၀ ခုနှစ်မှာ ဒီလုပ်ငန်းတွေကို ဖွင့်ပေးလိုက်တော့ ဒရပေါထွက်ကုန်တဲ့အတွက်ကဏန်းပျော့လုပ်ငန်းတွေမှာ ကုန်ကြမ်းတွေရှားလာတယ်ဟု ၎င်းကပြောသည်။

သို့ဖြစ်၍ ပြည်ပသို့ ၁၀၀ ဂရမ်အောက် ကဏန်းများ တင်ပို့နေမှုကို တားမြစ်ပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြသွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။ ထိုသို့ပြန်လည်တားမြစ်နိုင်မှသာ ကဏန်းအခွံပျော့နှင့် အခွံမာထုတ်လုပ်ရေးလုပ်ငန်းများ တိုးတက်လာမည်ဖြစ်ကြောင်းသိရသည်။ ပြည်တွင်းမှ ရေသယံဇာတများ ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိရာ ကဏန်းတင်ပို့ရေးပိုင်းတွင် အခွံမာနှင့်အခွံပျော့နှစ်မျိုးလုံး တင်ပို့နေရသည့်အတွက် ဈေးကွက်ခိုင်မာသည့်ကဏန်းကို စနစ်တကျမွေးမြူရန် လိုအပ်ကြောင်းသိရသည်။ ဆယ်စုနှစ်အတွင်းမှာ ကဏန်းထုတ်လုပ်ရေးလုပ်ငန်းတွေက မြင့်တက်လာတယ်။ လုပ်ငန်းတွေက ကြီးလာပေမယ့် ကဏန်းဆိုတာ ငါး၊ ပုစွန်တွေလို ဖောက်လို့မရတဲ့အတွက် သဘာဝကဏန်းတွေကိုပဲယူပြီးမွေးရတယ်။ ဂရမ် ၁၀၀ လောက်ရှိတဲ့ ကဏန်းတွေကိုမွေးတယ်။ ပျော့နေတဲ့အချိန်မှာ အေးခဲပြီး ပြည်ပကိုတင်ပို့တယ်။ ဒီဈေးကွက်က အရမ်းကိုကျယ်ပြန့်နေပြီဟု ၎င်းကပြောသည်။ ယင်းလုပ်ငန်းမှာ လုပ်သားအင်အားအများအပြား အသုံးပြုရသည့်အတွက် အဆိုပါလုပ်ငန်းများဖွံ့ဖြိုးလာပါက အလုပ်အကိုင်အခွင့်အလမ်းများလည်း များပြားလာမည်ဖြစ်ပြီး ပြည်ပဈေးကွက်တွင် အလားအလာကောင်းသည့် ထုတ်ကုန်ဖြစ်သောကြောင့် ပို့ကုန်ကဏ္ဍလည်း တိုးမြင့်လာမည်ဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် မွေးမြူထုတ်လုပ်နေသည့် ကဏန်းများကို နိုင်ငံအနှံ့အပြားသို့ တင်ပို့နိုင်သည့်အတွက် ဈေးကောင်းရရှိ

နေပြီး ယခုနှစ်ပိုင်းအတွင်း အရောင်းအမြင့်ဆုံးထုတ်ကုန်တစ် ခုဖြစ်လာသည်ဟုဆိုသည်။ လက်ရှိတွင်ပြည်ပပညာရှင်များနှင့် ဒေသခံတို့ပူးပေါင်း၍ ဧရာဝတီတိုင်းဒေသကြီးအတွင်း ကဏန်းအမာသားဖောက်ခြင်းလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိပြီး အောင်မြင်ပါက တစ်ဆင့်ပြန်လည် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်မည့်အပြင် ဒီရေတောများတွင်လည်း လွှတ်ပေးရန် ပြင်ဆင်ထားကြောင်းသိရသည်။ ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်တွင် ကဏန်းပျော့မွေးမြူရေးလုပ်ငန်းများ အပြိုင်အဆိုင် လုပ်ကိုင်လာကြပြီး ရန်ကုန်တိုင်းဒေသကြီးရှိ ကျောက်တန်းမြို့နယ်တွင်လည်း ကဏန်းပျော့ မွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြောင်းသိရသည်။ ဂဏန်းမွေးမြူရေးလုပ်ငန်းများကို ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်နှင့် ရခိုင်ပြည်နယ်ရှိ ကျောက်ဖြူမြို့နှင့် သံတွဲမြို့တို့တွင် လုပ်ငန်းများလုပ်ကိုင်လျက်ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/SFJWeekly/posts/2184284828325464?__tn__=K-R

## ကုန်သွယ်မှုကန်ဒေါ်လာ ၂၇ ဘီလီယံကျော်အထိရှိလာ

ကုန်သွယ်မှုကန်ဒေါ်လာ ၂၇ ဘီလီယံကျော်အထိ ရောက်ရှိလာခဲ့ပါတယ်။ ဇူလိုင်လ ဒုတိယအပတ်အထိ ပင်လယ်ရေကြောင်းမှ ကန်ဒေါ်လာ ၂၀ ဘီလီယံကျော်နဲ့ နယ်စပ်ကုန်သွယ်ရေးမှ ကန်ဒေါ်လာ ၇ ဘီလီယံကျော် ကုန်သွယ် ထားနိုင်ခဲ့တာဖြစ်ပါတယ်။ ပို့ကုန်အလိုက်ကုန်သွယ်မှုကိုကြည့်ရင် လယ်ယာထွက်ပစ္စည်းအုပ်စုမှ ကန်ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံဖိုးတင်သွင်းထားပြီး ရေထွက်နဲ့တိရိစ္ဆာန်ထွက်ကုန် ကန်ဒေါ်လာ ၉၃၅ သန်းကျော်၊ သတ္တုတွင်းထွက်တင်ပို့မှုမှ ကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံကျော်၊ သစ်တော်ထွက်ကုန် ကန်ဒေါ်လာ ၁၃၆ သန်း၊ စက်မှုကုန်ချောမှ ကန်ဒေါ်လာ ၇ ဒသမ ၄ ဘီလီယံနဲ့ အခြားအမယ်စုံတင်ပို့မှုမှ ကန်ဒေါ်လာ ၆၇၀ သန်းကျော်ရရှိထားပါတယ်။

သွင်းကုန်ကဏ္ဍမှ ရင်းနှီးမြုပ်နှံမှုကုန်ပစ္စည်းတင်သွင်းမှုမှ ကန်ဒေါ်လာ ၄ ဒသမ ၄၈ ဘီလီယံ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းတင်သွင်းမှုမှ ကန်ဒေါ်လာ ၅ ဒသမ ၃ ဘီလီယံကျော်၊ လူသုံးကုန်ပစ္စည်းတင်သွင်းမှုမှ ကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံကျော်နဲ့ CMP သွင်းကုန်ကန်ဒေါ်လာ ၁ ဒသမ ၈၆ ဘီလီယံကျော်ရှိခဲ့ပါတယ်။ကုန်သွယ်မှုလိုငွေအားဖြင့် ကန်ဒေါ်လာ ၂ ဒသမ ၁ ဘီလီယံကျော်အထိရှိနေပါတယ်။

**Source:** https://www.facebook.com/SFJWeekly/posts/2184284828325464?__tn__=K-R

## မြစ်ဝကျွန်းပေါ် ပေါ်ဆန်းဈေးကောင်းရရှိရန်ကြိုးပမ်းမည်

ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ဒေသထွက် ပေါ်ဆန်းမွှေးဆန်များအား ဈေးကောင်းရရှိစေရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဘိုကလေးမြို့နယ်မှ ရွှေခေတ်အားမာန် လယ်သမားအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင်ကပြောသည်။ လက်ရှိမှာတော့ အဖွဲ့ထဲက မျိုးသန့်ထုတ် လယ်သမား ၇၇ ဦးရဲ့ ဧက ၁၀၀ က ထွက်တဲ့ မျိုးသန့်တွေကို ဖြန့်မယ်။ ပြီးရင် ရွှေဘိုပေါ်ဆန်းလိုပဲ ဈေးကွက်ကောင်းရအောင်လုပ်မယ်ဟု ဦးဝင်းလှိုင်ကပြောသည်။ ရွှေခေတ်အားမာန်အဖွဲ့အနေဖြင့် NGO အဖွဲ့ တစ်ခုဖြစ်သည့် GRET ၏ ကူညီပံ့ပိုးပေးမှုနောက်တွင် ပေါ်ထွက်လာသည့် လယ်သမားအဖွဲ့ဖြစ်ပြီး၊ လက်ရှိတွင် မျိုးသန့် ထုတ်လုပ်ခြင်းကို စနစ်တကျ ဆောင်ရွက်ခြင်းမှစ၍ တောင်သူများစုပေါင်းထုတ်လုပ်သည့် စပါးများကို ဈေးကွက်ကောင်း ရရှိစေရန် ကိုယ်တိုင်ဆောင်ရွက် ကြိုးပမ်းနေခြင်းဖြစ်ကြောင်းသိရသည်။

ရွှေဘိုမှာက ရေသွင်းစိုက်ရတယ်။ နောက်ထွက်ရှိလာရင် တခြားသော စပါးအမျိုးအစားတွေနဲ့မရောဘူး။ နောက်ရာသီဥတုက ကျွန်တော်တို့ဘက်နဲ့ကွာတယ်။ ကျွန်တော်တို့ဆီမှာ မုန်တိုင်းကျတာတွေ၊ ရေဝပ်လို့ ပျက်စီးတာတွေနဲ့ အစိုဓာတ်ကြောင့် စပါးပျက်စီးတာတွေရှိတယ်။ အရင်က မြစ်ဝကျွန်းပေါ်မှာစိုက်တဲ့ တစ်ခြားဆန်တွေဖြစ်တဲ့ မီးတုံး၊ ကောက်ကြီးစပါးတွေကို ရောနှောတာကြောင့် ဈေးကွက်ကောင်းမရတော့တာပါပဲ။ လတ်တလောတော့ ကျွန်တော်တို့ အဖွဲ့ဝင် လယ်သမားတွေစုပြီး မျိုးသန့်သုံး စိုက်ပျိုးထွက်ရှိတာကို ဈေးကွက်ကောင်းချိတ်မယ် ပြီးတော့မှ အနီးအနားက လယ်သမားတွေလည်း တဖြည်းဖြည်း ပူးပေါင်းပါဝင်လာဖို့မျှော်လင့်တယ်ဟု ၎င်းက ဆက်လက်ပြောသည်။

ယမန်နှစ်က ပေါက်ဈေးအနေဖြင့် ရွှေဘိုပေါ်ဆန်းနှင့် မြစ်ဝကျွန်းပေါ်ထွက် ပေါ်ဆန်းတို့အကြား စပါးတင်း ၁၀၀ လျှင် ကျပ် လေးသိန်းနီးပါး ဈေးနှုန်းကွာခြားချက်ရှိခဲ့ပြီး လတ်တလောတွင် မြစ်ဝကျွန်းပေါ်ဒေသထွက် ပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ကျပ်ဆယ်သိန်းနီးပါးဈေးရှိနေကြောင်းသိရသည်။ ယခုနှစ်တွင် ဘိုကလေးမြို့နယ်နှင့် မော်ကျွန်းမြို့နယ်တို့တွင် ပေါ်ဆန်းစပါးစိုက်ပျိုးဧက ၄ သိန်းဝန်းကျင်ခန့်ရှိကြောင်းသိရသည်

**Source:** https://www.facebook.com/amiamyanmar/posts/2346616325423850?__tn__=K-R

## ကြက်သွန်နီအဝင်များသော်လည်း ဈေးမကျဘဲဆက်လက်ရှိနေ

ရန်ကုန်ဈေးကွက်သို့ နယ်စုံမှ ကြက်သွန်နီအဝင်များလာသော်လည်း ဈေးမကျဘဲ အမြင့်ပိုင်းတွင် ဆက်လက်ရှိနေကြောင်း ဘုရင့်နောင်ဈေးကွက်မှ သိရပါတယ်။ ဇူလိုင်လ ၂၂ ရက်တွင် ဘုရင့်နောင်ဈေးကွက်သို့ ကြက်သွန်နီတင်ကုန်ကား ၄၁ စီး ဝင်ရောက်သော်လည်း ကြက်သွန်နီတစ်ပိသာလျှင် ငွေကျပ် ၆၀၀ မှ ၉၀၀ ဝန်းကျင်အထိ ဈေးနှုန်းရှိနေဆဲဖြစ်ကြောင်းသိရပါတယ်။ ဒီနေ့က ကြက်သွန်နီတင်ကုန်ကားအဝင်များတယ်။ အရောင်းအဝယ်ကတော့ မှန်မှန်အေးအေးပါပဲဟု မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူ စားဖိုဆောင်သီးနှံများ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဉက္ကဋ္ဌ၏ ပြောကြားချက်အရသိရပါတယ်။

ယခုအခါ ဇူလိုင်လ ဒုတိယပတ်ကထက် ကားအစီးရေ ထက်ဝက်ကျော်ဝင်ရောက်မှု မြင့်တက်လာခြင်းဖြစ်ပြီး ဈေးကွက်အတွင်း အရောင်းအဝယ်အေးနေသော်လည်း တရုတ်နိုင်ငံမှ ဝယ်လက်များရှိနေသဖြင့် ဈေးနှုန်းများ ကျဆင်းသင့်သလောက်မကျသေးကြောင်းသိရပါတယ်။ လက်ရှိက လှောင်ကုန်တွေဝင်နေတာပါ။ တောင်သူတွေလှောင်ထားတာတွေလည်းပါတယ်။ ဈေးကွက်ကတော့မှန်မှန်ပဲဟု ဘုရင့်နောင်ပွဲရုံတန်း အောင်ရတနာပွဲရုံမှ မန်နေဂျာဖြစ်သူ၏ ပြောကြားချက်အရ သိရပါတယ်။ လတ်တလောတွင် ရန်ကုန်ဈေးကွက်သို့ နွေကြက်သွန်နီလှောင်ကုန်များ ဝင်ရောက်နေခြင်းဖြစ်ကာ စက်တင်ဘာလမှသာ တောင်သူများအနေဖြင့် ကြက်သွန်နီစတင်စိုက်ပျိုးကြမည်ဖြစ်ကြောင်းသိရပါတယ်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2187-onions-members,-but-the-market-did-not-continue-to-move-forward.html

## မြန်မာ့မျိုးရင်းမျိုးစိတ်များ ပျောက်ကွယ်နိုင်သည့်အတွက် ထိုင်းပုစွန်သားပေါက်များ တင်သွင်းခြင်းကိုတားဆီးသင့်

ပြည်တွင်းရေချိုပုစွန် မွေးမြူရေးကန်များတွင် ထိုင်းရေချိုပုစွန်များ ရောစပ်နေခြင်းကြောင့် ထိုင်းပုစွန်သားပေါက်များ မြန်မာနိုင်ငံအတွင်းသို့ ဆက်သွင်းနေပါက မြန်မာ့မျိုးရင်းမျိုးစိတ်များ ပျောက်ကွယ်သွားနိုင်သည့် အခြေအနေရှိသည့်အတွက် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့်တားဆီးသင့်ကြောင်း၊ မြန်မာနိုင်ငံ ပုစွန်မွေးမြူထုတ်လုပ်ရောင်းဝယ်သူများအသင်းမှ အတွင်းရေးမှူး ဦးတင်ထွန်းဦးကပြောသည်။ ပြည်တွင်းမှာ လုံလုံလောက်လောက်ဖောက်ပေးပါရက်နဲ့ ထိုင်းကနေ ဆက်ပြီးသွင်းနေအုံးမယ်ဆိုရင် နောင်တစ်ချိန်မှာ ကျွန်တော်တို့ရဲ့ မျိုးရင်းတွေပျောက်ကွယ်သွားနိုင်တဲ့ အနေအထားရှိတယ်။ အဲ့ဒါကြောင့် ငါးဦးစီးဌာနအနေနဲ့ သေသေချာချာလေး စီစစ်ပြီးတော့ လုပ်သင့်တယ်လို့ မြင်ပါတယ်ဟု ၎င်းကပြောသည်။

လက်ရှိသည် ဈေးကွက်စီးပွားရေးဖြစ်သည့်အတွက် တစ်နိုင်ငံနှင့်တစ်နိုင်ငံ လွတ်လပ်စွာ ကုန်သွယ်၍ရနေသော်လည်း မိမိနိုင်ငံ၏ အကျိုးစီးပွားကို ထိခိုက်ခြင်းနှင့်သယံဇာတကို ထိခိုက်ပျက်စီးစေမည်ဆိုပါက ယင်းအရာများကို သက်ဆိုင်ရာအဖွဲ့အစည်းများက တားဆီးသင့်သည်ဟုဆိုသည်။ ၂၀၁၂ ခုနှစ်က ထိုင်းနိုင်ငံမှ တင်သွင်းလာသော ရေချိုပုစွန်များနှင့် ပြည်တွင်းရှိ ရေချိုပုစွန်များ မျိုးရောစပ်လာသဖြင့် ပြည်တွင်းမျိုး ရေချိုပုစွန်ကို သားပေါက်ဖောက်၍ မွေးမြူသည့်မွေးမြူရေးကန်များတွင် အနည်းဆုံး ၂၀ ရာခိုင်နှုန်းခန့် ထိုင်းရေချိုပုစွန်မျိုးများဖြစ်နေသည်ကို တွေ့ရှိရကြောင်းသိရသည်။ ပုစွန်တင်သွင်းမယ့်သူတွေလာရင်လည်း ကျွန်တော်တို့အနေနဲ့ ပုစွန်အသင်းကိုပဲ ဆက်သွယ်ပြီးတော့ ပုစွန်မွေးတဲ့ကိစ္စပဲဖြစ်ဖြစ်၊ သားပေါက် ကိစ္စပဲဖြစ်ဖြစ် ဆောက်ရွက်ပါဆိုပြီးတော့လုပ်ပေးပါမယ်ဟု ရန်ကုန်တိုင်းငါးလုပ်ငန်းဦးစီးဌာန ဒုတိုင်းဦးစီးမှူး ဦးလှဌေးကပြောသည်။

၂၀၁၂ ခုနှစ်က မြန်မာနိုင်ငံတွင် ရေချိုပုစွန်သားပေါက်ထုတ်လုပ်မှုကျဆင်းခဲ့ခြင်းကြောင့် မွေးမြူရေးတောင်သူများအဆင်ပြေစေရန် ထိုင်းနိုင်ငံမှ ရေချိုပုစွန်သားပေါက်များတင်သွင်း၍ အခက်အခဲများဖြေရှင်းခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် ပြည်တွင်း ရေချိုပုစွန်သားပေါက်စခန်း အားလုံးနီးပါးမှ ရေချိုပုစွန်မွေးမြူရေး တောင်သူများအတွက် သားပေါက်များလုံလောက်စွာ ထုတ်လုပ်ပေးနိုင်ပြီဖြစ်ကြောင်းသိရသည်။ ပြည်တွင်းသို့ ထိုင်းနိုင်ငံမှ တင်သွင်းသော ရေချိုပုစွန်သားပေါက် တစ်ကောင်လျှင် ၁၄ ကျပ် ဝန်းကျင်ရှိပြီး မြန်မာနိုင်ငံအတွင်း ဖောက်သည့် ရေချိုပုစွန်သားပေါက် တစ်ကောင်လျှင် ၁၀ ကျပ်ဝန်းကျင်အောက်သာရှိကြောင်းသိရသည်

မြန်မာနိုင်ငံတွင် ရေချို /ရေငန်ပုစွန် မွေးမြူရေး ကန်ဧကပေါင်း (၂)သိန်းဝန်းကျင်ရှိသော်လည်း ရေချိုပုစွန်မွေးမြူရေး ကန်ဧကပေါင်း (၂)သောင်း ဝန်းကျင်ရှိပြီး အဓိကအားဖြင့် တွံတေး၊ ညောင်တုန်း၊ ခရမ်း၊ ထန်းတပင်၊ မအူပင်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် မွေးမြူလျက်ရှိကြောင်းသိရသည်။

**Source:** http://www.fifthwavenews.com/fwn/47449

## ပြည်တွင်းစားသုံးမှုအများဆုံး မွေးမြူရေးငါးဈေး ၇ နှစ်အတွင်း စံချိန်တင်မြင့်

မြန်မာနိုင်ငံရှိ ပြည်တွင်းစားသုံးမှု ငါးဈေးကွက်အတွင်း မွေးမြူရေးငါးဈေးနှုန်းများသည် ၇ နှစ်အတွင်း စံချိန်တင်မြင့်တက်လျက်ရှိကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းရှင်များအဖွဲ့ချုပ်မှသိရသည်။ အဆိုပါ မွေးမြူရေး ငါးဈေးနှုန်းများသည် ၇ နှစ်အတွင်း စံချိန်တင်မြင့်တက်နေခြင်းမှာ ၂၀၁၈ ခုနှစ်အတွင်း ငါးမွေးမြူရေးအတွင်း ဂယက်ရိုက်ခဲ့သော ငါးစာဈေးနှုန်းများကြီးမြင့်ခြင်း၊ ပြည်ပနိုင်ငံသို့ တင်ပို့မှုယာယီရပ်ဆိုင်းစသည့်ကိစ္စများ၏ နောက်ဆက်တွဲ ငါးမွေးမြူမှု လျော့နည်းခြင်းကြောင့် ဖြစ်ကြောင်းသိရသည်။ ထုတ်လုပ်မှုကကျတော့ ၂၀၁၇ ခုနှစ်မှာ ၃၂၀၀ ရှိတဲ့ ငါးဈေးက အခုဆိုရင် ၄၉၀၀ ကျော် ၅၀၀၀ အထိဖြစ်သွားတယ် ၃၀ ရာခိုင်နှုန်းလောက် တက်တယ်လို့တော့ပြောလို့ရမယ်။ ဒါက အမြင့်ဆုံး အခြေအနေကို ရောက်နေတာပဲဟု ဦးဝင်းကြိုင်ကပြောသည်။

လက်ရှိဈေးကွက်အတွင်း ငါးဈေးနှုန်းများသည် အဆမတန်မြင့်တက်နေသော်လည်း ပြည်တွင်းမွေးမြူရေး လုပ်ငန်းရှင်များသည် အမြတ်မရှိဘဲ ၂၀၁၈ ခုနှစ်က ငါးမွေးမြူမှုဈေးကွက်တွင် ဖြစ်ပေါ်ခဲ့သည့်အခြေအနေကြောင့် အရှုံးကာမိသည့် အခြေအနေသာရှိကြောင်း ၎င်းကဆိုသည်။ ပြည်သူလူထုက ငါကို ဈေးကြီးကြီးနဲ့ဝယ်စားနေရတယ်။ ဒါကြောင့် ငါးမွေးတဲ့သူတွေကို မြတ်ပြီလို့သွားပြောလို့တော့မရဘူး။ အရင်နှစ်တွေက ရှုံးတာကအခုမှ ကာဗာဖြစ်တာလို့တော့ ပြောလို့ရမယ်ဟု ဦးဝင်းကြိုင်ကပြောသည်။ ယခင်က ပြည်တွင်းစားသုံးမှုအများဆုံး ငါးများဖြစ်သည့် ငါးသိုင်းခေါင်းပွသည် လက်လီဈေးကွက် တစ်ပိသာလျှင် ၅၀၀၀ ကျပ်ဈေးနှုန်းမှ ယခုတွင် ၇၀၀၀ ကျပ်အထိ ငါးကြင်းတစ်ပိသာလျှင် ကျပ် ၇၀၀၀ မှ ယခုတွင် ၁၀၀၀၀ အထိ၊ ငါးမြစ်ခြင်းတစ်ပိသာလျှင် ကျပ် ၅၀၀၀ မှ ယခုတွင် ကျပ် ၇၀၀၀ အထိ ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/iseemediamyanmar/posts/256267098525733

## STOCK EXCHANGE (24.7.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 24th Jul. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | -500 | -4.35% | 11,500 | 11,500 | 11,000 | 731 | 8,311,500 | 27,112,747 | 298,240 |
| MTSH | 00002 | 3,350 | +50 | +1.52% | 3,300 | 3,350 | 3,300 | 4,407 | 14,715,450 | 38,929,150 | 130,413 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 28 | 224,000 | 10,400,986 | 83,208 |
| FPB | 00004 | 24,000 | +0 | +0.00% | 24,000 | 24,000 | 24,000 | 0 | 0 | 2,472,053 | 59,329 |
| TMH | 00005 | 3,050 | +0 | +0.00% | 3,050 | 3,050 | 3,050 | 0 | 0 | 12,212,906 | 37,249 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 445.67 | -8.50 | -1.87% | 454.17 | 455.60 | 445.67 | 5,166 | 23,250,950 | 5 | 608,439 |

**Index chart**



# Market Overview

As of 1:00 pm, 24th Jul. 2019

| MYANPIX | 445.67 ▼ 8.50 |
|---|---|
| Total Volume (shares) | 5,166 |
| Total Value (MMK) | 23 mil |
| Listed Company | 5 |
| Market Cap. (MMK) | 608,439 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▼ 500 |
| MTSH | 00002 | 3,350 | ▲ 50 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 24,000 | ▲ 0 |
| TMH | 00005 | 3,050 | ▲ 0 |

TIR